**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးသတင်း အကျဉ်းချုပ် (၀၉၂/၂၀၁၁)

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့မှ ၂၀၁၁ ခုနှစ် အောက်တိုဘာလ (၂၉) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- ဒု-သမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရောက် သျှမ်းလွှတ်တော်အမတ်များအား ဒု-သမ္မတ အိမ်တော်၌ အောက်တိုဘာ ၂၂ ရက်နေ့ ညစာစားပွဲ ဖိတ်ကျွေးပြီး စာပေယဉ်ကျေးမှု မှတ်ပုံတင်နိုင်ရေးကိစ္စရပ်များ လွှတ်တော်အတွင်း ဆွေးနွေးရန် တိုက်တွန်း ကြောင်း သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအမတ်တစ်ဦးက ပြောသည်။ (S.H.A.N 241110) Read More...
- ဒု-သမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရောက် သျှမ်းလွှတ်တော်အမတ်များအား ဒုသမ္မတ အိမ်တော်၌ ညစာ စားပွဲ ဖိတ်ကျွေးပြီးစာပေယဉ်ကျေးမှု မှတ်ပုံတင်နိုင်ရေးကိစ္စရပ်များ လွှတ်တော်အတွင်း ဆွေးနွေးရန် တိုက်တွန်းကြောင်း နေပြည်တော်ရှိ လွှတ်တော်အမတ်တဦးက ပြောသည်။ (S.H.A.N 241011) Read More...
- အစိုးရရုံးဌာနနှင့် စာသင်ကျောင်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမများ၏ အခန်းနံရံများတွင် လက်ရှိ နိုင်ငံအကြီးအကဲ နိုင်ငံခေါင်းဆောင် ဓါတ်ပုံကိုသာ ချိတ်ဆွဲရမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပြောကြားခဲ့သည်။ (EMG 251011) Read More...
- ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့် ဝန်ကြီး များရုံးအား ပြတိုက်အဖြစ် ထားရှိမည် ဖြစ်ကာ ပုဂ္ဂလိကလုပ်ငန်းရှင်များ ဟိုတယ်ပြုလုပ်ရန် ငှားရမ်းမည် မဟုတ်ကြောင်း အမှတ် (၁) နှင့် (၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးစိုးသိန်းက အောက်တိုဘာ ၂၆ ရက်နေ့က နေပြည်တော်တွင် ပြည်တွင်းသတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ (Mizzima 281011) Read More...

## ကြံ့ဖွံ့ပါတီ

- အထက်လွှတ်တော်တွင် ဆွေးနွေးလျက်ရှိသော "ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့်" ဥပဒေမူကြမ်း၌ ဗုဒ္ဓဘာသာ သံဃာတော်များကို ဆန္ဒပြခွင့် မပြုသည့် တားမြစ်ချက် ထည့်သွင်းရန် အာဏာရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP အမတ်တစ်ဦးက အောက်တိုဘာ ၂၅ ရက်နေ့က ထည့်သွင်း ဆွေးနွေးခဲ့သည်ဟု လွှတ်တော်အမတ်များက ပြောသည်။ (Mizzima 251011) Read More...

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

### တပ်မတော်

#### (က) စစ်ဆင်ရေး

- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အခြေစိုက် အစိုးရတပ် ခမရ ၃၅၇ တပ်က မြို့နယ်အတွင်း သဒ္ဒါကုန်းအနီးရှိ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် DKBA ကလိုထူးဝါးတပ်ကို သွားရောက်ထိုးစစ်ဆင်သည့်အတွက် အောက်တိုဘာ ၂၃ ရက်နေ့ နေ့လယ်ပိုင်းတွင် နာရီဝက်ခန့် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး နစ်ဖက်ထိခိုက်သေဆုံးမှု အတိအကျ မသိရသေးကြောင်း DKBA ကလိုထူးဝါးတပ်ကဗိုလ်ကြီး စောသရီးတူးက ပြောသည်။ (DVB 241011) Read More...

#### (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- သျှမ်းပြည်နယ် ကွတ်ခိုင်ဒေသတွင် ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် တိုက်ပွဲများဖြစ်နေသည့် အစိုးရတပ်က ဒေသခံအမျိုးသမီးများကို အလုပ်သမားပေါ်တာအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် အမျိုးသမီး ၉ ဦးကို အဓမ္မပြုကျင့်သတ်ဖြတ်လိုက်ကြောင်း ဒေသခံများက ပြောသည်။ (VOA 241011) Read More..., KNG..., KIC...
- ရှမ်းပြည်တောင်ပိုင်း မိုင်းရှူးမြို့နယ်အတွင်းရှိ ဝမ့်လွယ်၊ နမ့်အွန်နှင့် ခမ်းပုန်ရွာတို့မှ တရွာလျှင် အယောက် ၂၀ နှုန်းဖြင့် မိုင်းရှူးအခြေစိုက် ခမရ ၅၁၆ မှ ဗိုလ်မှူးကျော်ကျော်လင်းက သံလွင်မြစ်ကမ်းပါးနားလမ်းပြုပြင်ဖောက်လုပ်ရေးအတွက် အောက်တိုဘာ ၂၃ ရက်နေ့က လုပ်အားပေးစေခိုင်းခဲ့ကြောင်း ဒေသခံများက ပြောသည်။ (DVB 261011) Read More...
- ကချင်ပြည်နယ် မိုးမောက်မြို့နယ် နန်ဆန်ရွာထဲမှ ရွာသားနှစ်ဦးသည် ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် အစိုးရတပ်တို့အကြား တိုက်ပွဲများကြောင့် ထွက်ပြေးခဲ့ပြီးနောက် တစ်ပတ်ခန့်အကြာတွင် ၎င်းတို့၏ လယ်မြေ၊ ကျွဲ၊ နွားများကို စိတ်မချသဖြင့် ပြန်လာခဲပ အစိုးရတပ်၏ ပစ်သတ်ခြင်းကို ခံလိုက်ရကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (BBC 291011) Read More ...

#### (ဂ) နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်အဖွဲ့များ

- ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မဲ့ပလဲ့ဝှင်၊ ထီးဂါပလောနှင့် ဟွေ့ရှမ်းကြားရှိ ဇရပ်ဖြူကုန်းစခန်း အခြေချသည့် BGF (၁၀၁၇) မှ တပ်ရင်းမှူး ဗိုလ်မှူးဒိဒိသည် အောက်တိုဘာ ၂၃ ရက်နေ့မှစ၍ ကယ်ပေါ်ရွာသားများကို မသွားမနေရ အလှည့်ကျစနစ်ဖြင့် ခေါ်ယူခိုင်းစေနေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (KIC 251011) Read More...

### လွှတ်တော်

- ပြည်သူ့လွှတ်တော်က အတည်ပြုပြီးဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာ စီတန်းလှည့် လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က သဘောမတူသေးဘဲ နောက်ထပ် စိစစ်ရန်ဆုံးဖြတ်လိုက်သည်။ (DVB 261011) Read More...
- ထောင်ဒဏ်ကျခံနေရသူကို နိုင်ငံရေးပါတီဝင် မဖြစ်ရဟု ကန့်သတ်ထားချက်ကို ပယ်ဖျက်ခြင်း အပါအဝင် အချက်သုံးချက်ကို ပြင်ဆင်ခဲ့သော "နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း" ဥပဒေမူကြမ်းကို အောက်လွှတ်တော်တွင် အောက်တိုဘာ ၂၇ ရက်နေ့က အတည်ပြုလိုက်သည်။ (Mizzima 271011) Read More...

### အခြားနိုင်ငံရေးပါတီများ

- ရှမ်းပြည်နယ်တွင် လူ့အခွင့်အရေး ချိုးဖောက်ခံရပါက လာရောက်တိုင်ကြားနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းမှ အောက်တိုဘာ ၂၀ ရက်နေ့ ပြောကြားခဲ့ပြီးနောက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP က တိုင်းရင်းသားဒေသများ၌ လူ့အခွင့်အရေးချိုးဖောက်ခံရပါက မည်သူမဆို တိုင်တန်းနိုင်ကြောင်း ဒေသခံများကို ကမ်းလှမ်းလိုက်သည်။ (DVB 261011) Read More...
- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လွှတ်တော်များတွင် လာမည့် နိုဝင်ဘာလ ၂ ရက်နေ့တွင် စတင်ကျင်းပတော့မည်ဖြစ်ကြောင်း နှင့် အမျိုးသားဒီမိုကရေစီ အင်အားစု NDF ပါတီမှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သို့ ဦးအောင်ဆန်းနှင့် ဦးသက်ထွန်းမောင်တို့

နှစ်ဦး တက်ရောက်မည်ဖြစ်ကြောင်း ပါတီပြောခွင့်ရ ဦးခင်မောင်ဆွေက ပြောသည်။ (Myanmar Times Vol.27, No.541, 28-041111) Read More...

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- နိုင်ငံရေးလှုပ်ရှားမှုနှင့် လူမှုအထောက်အကူပြု လုပ်ငန်းရန်ပုံငွေအတွက် ရည်ရွယ်သည့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်-NLD ၏ ပန်းချီပြပွဲ၌ အောက်တိုဘာ ၂၄ ရက်နေ့က ပန်းချီကား (၈) ကား ရောင်းချခဲ့ရကြောင်း၊ အများစုမှာ အမေရိကန်နိုင်ငံမှ ဝယ်ယူခြင်း ဖြစ်ကြောင်း NLD ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (Mizzima 241010) Read More..., RFA...
- အနောက်နိုင်ငံများမှ မြန်မာအစိုးရအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းရန် အချိန်မတန်သေးကြောင်း မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၂၃ ရက်နေ့က အမေရိကန်အခြေစိုက် Wall Street Journal ၏ သီးသန့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောဆိုလိုက်သည်။ (RFA 241011) Read More...
- အကျဉ်းထောင်များထဲတွင် ထောင်အာဏာပိုင်များကိုယ်တိုင် ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်တန့်သွားစေရန် အတွက် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ထံ မကြာခင် တင်ပြတိုင်တန်းမည်ဟု ‌ေမြာင်းမြထောင်မှ ပြန်လည်လွတ်မြောက်လာ သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သဃ်န်းကျွန်းမြို့နယ် စည်းကော်မတီဝင် ဦးအောင်သန်းထွန်းက ပြောသည်။ (DVB 241011) Read More...
- မြန်မာနိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် အဂတိတရားလေးပါးကို ကင်းလွတ်ကြရန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၁၈ ရက်နေ့က ကျင်းပခဲ့သည့် မွေးနေ့အခမ်းအနားတစ်ခုတွင် တိုက်တွန်း ပြောကြားခဲ့ သည်။ (The Voice 241011) Read More...
- မြန်မာနိုင်ငံကို အမေရိကန်အပါအဝင် အနောက်နိုင်ငံကြီးများမှ ချမှတ်ထားသည့် ပိတ်ဆို့ အရေးယူမှုများကို မရုတ်သိမ်းရသည့် အကြောင်းအရေးသည် ရုတ်သိမ်းနိုင်လောက်သည်အဆင့်ထိ တိုးတက်မှုမရှိသေးကြောင်း သဘောထားများကို ထောက်ခံကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (VOA 251011) Read More...
- ဖွံ့ဖြိုးတိုးတက်မှုဟုဆိုသည့်နေရာတွင် တရားမဲ့မှု၊ မမျှတမှု၊ အာဏာရှင်ဆန်မှု၊ လူထုအပေါ် တာဝန်ယူလိုစိတ် ကင်းမဲ့မှုစသည့် လွတ်လပ်မှုများ၊ ချုပ်ခြယ်မှုများမရှိမှသာ တိုးတက်ဖွံ့ဖြိုးမှု ရှိနိုင်မည်ဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်နိုင်ငံ မစ်ချီကန်တက္ကသိုလ်ကနေ Wallenberg ဆုပေးပွဲ အခမ်းအနား မိန့်ခွန်းထဲတွင် ပြောဆိုလိုက်သည်။ (VOA 261011) Read More...
- ဒုတိယ ပင်လုံညီလာခံ ပေါ်ပေါက်ရေးကိစ္စသည် ပြည်ထောင်စု လိုအပ်ချက်တစ်ခုဖြစ်ပြီး မုချမသွေ ဆက်လက် ဆောင်ရွက်ရမည် ဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (RFA 271011) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ မှတ်ပုံတင်ခြင်း၊ မတင်ခြင်း ကိစ္စကိုလာမည့် သီတင်းပတ်အတွင်း ဆုံးဖြတ်နိုင်ဖွယ် ရှိကြောင်း NLD ခေါင်းဆောင် ဦးဝင်းတင်က ပြောသည်။ (Irrawaddy 281011) Read More...
- ပြည်သူ့လွှတ်တော်မှ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအချို့ကို ပြင်ဆင်လိုက်သောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ပါတီမှတ်ပုံတင်ရန် အလားအလာများရှိနေပြီး ဒေါ်အောင်ဆန်းစုကြည်အနေနှင့်လည်း လာမည့်ကြားဖြတ်ရွေးကောက်ပွဲ ကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖွယ်ရှိကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ (RFA 291011) Read More...

### (ခ) ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP)

- ဇိုမီးအမျိုးသားကွန်ကရက် ZNC ပါတီတည်ထောင်ခြင်း ၂၃ နှစ်မြောက်နှစ်ပတ်လည်နေ့တွင် "မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် အမှန်တကယ် တည်ဆောက်လိုပါက ၂၁ ရာစု ပင်လုံညီလာခံကို အမြန်ဆုံးခေါ်ယူ ကျင်းပရန် လိုအပ်ကြောင်းနှင့် နိုင်ငံရေး အကျဉ်းသားများ လွှတ်ပေးရန် လိုအပ်ကြောင်း" ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 241011) Read More..., DVB...

## (၇) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် တံတားဖြူ (၈) ရပ်ကွက်တွင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင် သူများကွန်ရက် HRDP က လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ဦးဆောင်ဆွေးနွေးသူ ဦးမောင်မောင်လေးက ပြောသည်။ (RFA 231011) Read More...
- ကိုသူရခေါ် ကိုဇာဂနာက နိုင်ငံရေးအကျဉ်းသားများကို အကူအညီပေးနိုင်ရေးအတွက် သာယာဝတီအကျဉ်းထောင်ရှိ နိုင်ငံရေး အကျဉ်းသား ၃၄ ဦးကို တဦးလျှင် ၁ သောင်းကျပ်နှုန်းနှင့် စာအုပ်စာတမ်းအချို့ လှူဒါန်းမှုအပါအဝင် ပေါင်းတည်နှင့်ပြည်မြို့တို့ကို သွားရောက်ပြီး ယင်းဒေသရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကွန်ယက်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ (BBC 241011) Read More...
- အစိုးရမှ နိုင်ငံရေးအကျဉ်းသားကို လျှော့ရက်ရက်ခံစားခွင့် ပိတ်ထားသည့်အပေါ် မကျေနပ်သဖြင့် အင်းစိန်ထောင် အတွင်းက နိုင်ငံရေး အကျဉ်းသား ၁၅ ဦးက အောက်တိုဘာ ၂၆ ရက်နေ့တွင် အစာငတ်ခံဆန္ဒပြခဲ့သည်ဟု နိုင်ငံရေးအကျဉ်းသားမိသားစုများ အကျိုးဆောင်ကွန်ရက်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကိုအောင်ဇော်ထွန်းက ပြောသည်။ (DVB 261011) Read More..., Mizzima...
- ကလေးထောင်တွင် အကျဉ်းကျနေသည့် အရှင်ဂမ္ဘီရသည် ကျန်းမာရေးအခြေအနေ ဆိုးဝါးလာနေသောကြောင့် အမြန်ဆုံး ဆေးကုသ ခွင့်ရရှိရေးအတွက် နိုင်ငံတကာကြက်ခြေနီအဖွဲ့ ICRC နှင့်တွေ့ခွင့်ရရေးနှင့် အမြန်ဆုံး ပြန်လွှတ်ပေးရန် အာရှ လူ့အခွင့်အရေး ကောင်စီ AHRC က သမ္မတ ဦးသိန်းစိန်ထံ အိပ်ဖွင့်ပေးစာတစ်စောင် ပေးပို့တောင်းဆိုလိုက်သည်။ (BBC 251011) Read More...
- ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ပေါ်ပေါက်လာသည့် ဒီမိုကရေစီကွန်ရက်သည် တစ်နှစ်နီးပါးအကြာတွင် လက်တွေ့လုပ်ငန်းများ လုပ်ဆောင်ရန် ပြင်ဆင်နေပြီဟု အထက်မြန်မာပြည်ကို စည်းရုံးရေးခရီးထွက်နေ သည့် ကွန်ရက်ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဖြိုးမင်းသိန်းက ပြောသည်။ (DVB 251011) Read More...
- အောက်တိုဘာ ၂၆ ရက်နေ့မှစတင်ပြီး အင်းစိန်ထောင်တွင်း အစာငတ်ခံဆန္ဒပြနေသည့် နိုင်ငံရေးအကျဉ်းသားအရေးအတွက်သည် ပိုမိုများပြားလာနေပြီး ထောင်အာဏာပိုင်များကလည်း ဆန္ဒပြသူများ၏ အဆောင်များကို ရေဖြတ်ထားသည်ဟု နိုင်ငံရေးအကျဉ်း သား မိသားစုများ အကျိုးဆောင် ကွန်ရက်အဖွဲ့ဝင် ကိုဟန်ဝင်းအောင်က ပြောသည်။ (DVB 271011) Read More...

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO နယ်မြေများတွင် အစိုးရတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့အကြား လွန်ခဲ့သည့် နှစ်ရက်သုံးရက်အတွင်း တိုက်ပွဲနည်းပါးသွားကြောင်း KIO ပြောခွင့်ရသူ ဦးလနန်းက ပြောသည်။ (DVB 241011) Read More...
- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တံတားကျိုးရွာအနီးတွင် လှုပ်ရှားနေသည့် မြန်မာအစိုးရတပ် စကခ(၁၂)လက်အောက်ခံ တပ်ရင်း ကို အောက်တိုဘာ ၂၅ ရက်နေ့ နေ့လည်အချိန်တွင် ကရင်ပူးပေါင်းတပ်ဖွဲ့များက ဆွဲမိုင်းဖြင့် တိုက်ခိုက်ခဲ့ရာ ၄ ဦးကျဆုံးပြီး ၇ ဦး ဒဏ်ရရှိခဲ့ကြောင်း DKBA ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးစောလိုးလိုက ပြောသည်။ (KIC 251011) Read More...
- ကရင်အမျိုးသား အစည်းအရုံး KNU ထောင်ထားသည့်မိုင်းများ နင်းမိသဖြင့် ပဲခူးတိုင်းဒေသရှိ ရွာများမှ အပြစ်မဲ့ ပြည်သူနှစ်ဦး ဒဏ်ရာ ရရှိပြီး နှစ်ဦးသေဆုံးခဲ့သည်ဟု အောက်တိုဘာ ၂၅ ရက်နေ့ထုတ် အစိုးရပိုင် ကြေးမုံသတင်းစာ၏ ဖော်ပြထားခြင်းမှာ မဟုတ်မမှန်ကြောင်း KNU တွဲဖက် အတွင်းရေးမှူး (၁) ဗိုလ်မှူးစောလှငွေက ပြောသည်။ (KIC 251011) Read More...
- အစိုးရတပ်များက ကချင်လွတ်မြောက်ရေးအဖွဲ့ KIO အား စစ်ရေးအရ ဆက်လက်တိုက်ခိုက်နေသော်လည်း KIO က မူလကိုင်စွဲ ထားသည့် တနိုင်ငံလုံးအပစ်ရပ်ရေးနှင့် တပ်ပေါင်းစုနှင့်သာ ဆွေးနွေးမည်ဆိုသည့် ရပ်တည်ချက်ကို ဆက်လက်ကိုင်စွဲသွား မည်ဖြစ်ကြောင်း KIO တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးလနန်က ပြောသည်။ (DVB 261011) Read More...
- တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်နိုင်မည့် ၂၁ ရာစု ပင်လုံညီလာခံ ခေါ်ဆိုရေးအား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များဖြစ်သည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီနှင့် ချင်းအမျိုးသား တပ်ဦးတို့က ထောက်ခံကြိုဆိုလိုက်သည်။ (Mizzima 261011) Read More...
- မိုင်းရှူး၊ မိုင်းရယ်၊ ကျေးသီး၊ တန့်ယန်း၊ သီပေါ၊ ကျောက်မဲ၊ လားရှိုး၊ နမ့်ဆန်နှင့် နမ့်ခမ်းမြို့နယ်များတွင် အစိုးရတပ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) SSA/SSPP တပ်များ ခြောက်လကျော်ကြာ တိုက်ခိုက်ခဲ့ပြီးနောက် တိုက်ပွဲများ လုံးဝရပ်ဆိုင်းနေသည်မှာ တလကျော် ပြီဖြစ်ကြောင်း အဖွဲ့၏ ပြောခွင့်ရသူ ဗိုလ်မှူးစိုင်းလက ပြောသည်။ (Mizzima 261011) Read More...

- အောက်တိုဘာ ၂၅ ရက်နေ့က ကချင်ပြည်နယ် မန်မော်(ဗန်းမော်)-လွယ်ဂျေလမ်းတွင် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) နှင့် မြန်မာအစိုးရတပ်များအကြား (၃) နာရီကြာ တိုက်ပွဲဖြစ်ရာ အစိုးရစစ်သား (၄) ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိကြောင်း ဒေသခံများက ပြောသည်။ (KNG 261011) Read More…
- သျှမ်းပြည်တပ်မတော် တောင်ပိုင်းတပ်ဖွဲ့(RCSS/ SSA) နှင့် မြန်မာအစိုးရသစ်တို့ ဆွေးနွေးမည်ဟု သတင်းများ ထွက်ပေါ်နေချိန် အောက်တိုဘာ ၂၃ ရက်နေ့က အမှတ် ၁၇၁ စစ်ဒေသဌာနချုပ် (တောင်ပိုင်း ဝ တပ်ဖွဲ့) က စစ်ရေးပြင်ဆင်နေကြောင်း ဒေသခံသများက ပြောသည်။ (S.H.A.N 261011) Read More…
- ကချင်ပြည်နယ်မြောက်ဘက် မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းပေါ်ရှိ မြန်မာအစိုးရ ခလရ အမှတ် (၁၃၈) တပ်ဖွဲ့ စစ်စခန်းတစ်ခုကို အောက်တိုဘာ ၂၆ ရက်နေ့က KIA တပ်မဟာ (၁) မှ တိုက်ခိုက်ခဲ့ရာ အစိုးရစစ်သား ၉ ဦး ကျပြီး စစ်စခန်းကိုလည်း သိမ်းပိုက်လိုက်ကြောင်း ဒေသခံများက ပြောသည်။ (KNG 271011) Read More…
- မြဝတီမြို့တောင်ပိုင်းရှိ ပေါ်လေဒေသ ဘုရင့်နောင်ကုန်းတွင် အခြေချလှုပ်ရှားသည့် အစိုးရစစ်တပ် ခမရ (၃၇၂) စစ်ကြောင်း(၁)ကို ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော် KNLA (၂၀၁) တပ်ဖွဲ့ဝင်အချို့က အောက်တိုဘာ ၂၇ ရက်နေ့က သွားရောက်ပစ်ခတ်ခဲ့ရာ အစိုးရတပ်ဘက်မှ ၃ ဦး သေဆုံးသွားခဲ့သည်ဟု KNLA (၂၀၁) တပ်မှူးတစ်ဦးက ပြောသည်။ (KIC 271011) Read More…, BBC…
- အစိုးရနှင့်တခါမျှ မပစ်အခတ်ရပ်ဆဲမှုမပြုလုပ်ခဲ့သည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် RCSS/SSA က ယခုရက်ပိုင်းအတွင်း ထိုင်းအာဏာပိုင်များနှင့် ရှမ်းပြည်သူ့စစ်အဖွဲ့တို့၏ ကြားဝင်ဆောင်ရွက်ပေးမှုကြောင့် အစိုးရနှင့် ပထမဆုံးအကြိမ် အဖြစ် ငြိမ်းချမ်းရေးဆွေးနွေးရန် ပြင်ဆင်နေသည်ဟု RCSS/SSA ဒု-ဗိုလ်ချုပ်ကြီး ယွက်ဆစ်က ပြောသည်။ (BBC 281011) Read More…
- ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC အဖွဲ့ဝင် တိုင်းရင်းသားအဖွဲ့ဝင်များနှင့် အစိုးရဘက်က ပြည်နယ်အစိုးရ ကိုယ်စားလှယ်များတို့ ပဏာမ စတင်တွေ့ဆုံမှုများရှိနေပြီး တစ်ဖွဲ့ချင်းက အစိုးရနှင့် ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများကိုတော့ UNFC တပ်ပေါင်းစုတခုလုံးအနေဖြင့်သာ ဆွေးနွေးမည်ဖြစ်ကြောင်း UNFC အထွေထွေ အတွင်းရေးမှူး နိုင်ဟံသာက ပြောသည်။ (DVB 271011) Read More…
- အောက်တိုဘာ ၂၇ ယမန်နေ့က ကချင်ပြည်နယ် ဗန်းမော်ခရိုင် ၂ နေရာတွင် ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် ကြံ့ဖွံ့အစိုးရတပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရစစ်သား အနည်းဆုံး ၇ ဦး ကျပြီး အချို့ ဏ်ရာရရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။ (KNG 281011) Read More…

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- မြစ်ဆုံရေကာတာစီမံကိန်းကို လုံးဝရပ်ဆိုင်းရန်အတွက် အမေရိကန်နိုင်ငံရောက် ဝါရှင်တန်ဒီစီမြို့ တရုတ်သံရုံးရှေ့တွင် မြန်မာနိုင်ငံသားများ အောက်တိုဘာ ၂၂ ရက်နေ့က တောင်းဆို ဆန္ဒပြခဲ့ကြကြောင်း ဦးဆောင်စီစဉ်သူတစ်ဦးဖြစ်သည့် ဦးရွှေထီးက ပြောသည်။ (RFA 231011) Read More…
- အာဆီယံအသင်းတွင် ၂၀၁၆ ခုနှစ် အလှည့်ကျ ဥက္ကဋ္ဌ တာဝန် ယူရမည့် အခွင့်အရေးကို မြန်မာနိုင်ငံက စွန့်လွှတ်ခဲ့ပြီးနောက် လာမည့် ၂၀၁၄ နှစ်တွင် ထပ်မံရရှိမည့် အလှည့်ကျ ဥက္ကဋ္ဌ ရာထူး အတွက် မြန်မာအစိုးရက ကြိုးပမ်းနေသည့်အပေါ် အာဆီယံ ဥက္ကဋ္ဌ တာဝန်မယူခင် မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲသင့်သည့် အလုပ်ငန်းများကို ဦးစွာဆောင်ရွက်သင့်ကြောင်း ပြည်ပရောက် အတိုက်အခံ အင်အားစုများက ပြောသည်။ (Irrawaddy 261011) Read More…

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ တာဝန် လွှဲပြောင်းပေးရေးကိစ္စ လေ့လာရန် မြန်မာနိုင်ငံကို ရောက်ရှိနေသည့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး မာတီ နာတလီဂါဝါသည် သမ္မတအကြံပေးအဖွဲ့ဝင် ၆ ဦးနှင့် အောက်တိုဘာလ ၂၈ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဟု သမ္မတ၏ နိုင်ငံရေး အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးကိုကိုလှိုင်က ပြောသည်။ (RFA 291011) Read More…

## (ခ) အစိုးရ

- မြန်မာနိုင်ငံကို ဒုတိယအကြိမ်မြောက် ရောက်ရှိလာသည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် ဒဲရက်က် မစ်ချဲလ် အနေဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံကို ကြိမ်ဖန်များစွာလာရောက်ရန်ရှိပြီး အစိုးရနှင့် နိုင်ငံတည်ဆောက်ရေးအတွက် ပါဝင်ရမည့်အခြား လူ့ဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ဆက်လက်တွေ့ဆုံ ရန်ရှိကြောင်း အမေရိကန်သံရုံးပြောခွင့်ရသူက ပြောသည်။ (BBC 241011) Read More...
- အမေရိကန် အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဒဲရက်မစ်ချယ်သည် အောက်တိုဘာ ၂၄ ရက်နေ့က မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့ကြောင်း ရန်ကုန်မြို့ အမေရိကန်သံရုံး၏ ထုတ်ပြန်ချက်တွင်မှ ဖော်ပြထားသည်။ (Irrawaddy 251011) Read More...
- မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး ဒဲရစ်မစ်ချယ် Derek Mitchell သည် မြန်မာနိုင်ငံကို ဒုတိယအကြိမ် သွားရောက်ခဲ့ပြီး နိုင်ငံရေး အကျဉ်းသားများအားလုံး လွတ်မြောက်ရေးအပါအဝင် မြန်မာ့ဒီမိုကရေစီရေး တိုးတက်မှုများ ရှိလာစေရန် မြန်မာအစိုးရအား ဖိအားပေးပြောဆိုခဲ့သည်ဟု အမေရိကန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ (VOA 251011) Read More...
- မြန်မာနိုင်ငံတွင် ဆယ်စုနှစ်များစွာ မတွေ့ခဲ့ရသည့် အပြုသဘောဆောင် အပြောင်းအလဲအချို့ တွေ့နေရခြင်းကို ငြင်းချက်ထုတ်စရာ မရှိသော်လည်း ယင်းဖြစ်ထွန်းမှုအများစုမှာ ယာယီအဆင့်သာ ရှိနေသေးသောကြောင့် အနှစ်သာရရှိသည့် အပြောင်းအလဲများရှိနေပြီဟု ပြောဆိုရန် အချိန်မတန်သေးကြောင်း အရှေ့အာရှနှင့် ပစိဖိတ်ဒေသရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell က အောက်တိုဘာ ၂၅ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (VOA 251011) Read More...
- ဂျပန်အစိုးရက မြန်မာနိုင်ငံကို နိုင်ငံရပ်ခြား စီးပွားရေး အကူအညီ ODA များ ပြန်ပေးရန် ပြင်ဆင်နေမှုများအဖြစ် ဂျပန်တာဝန်ရှိသူအချို့သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဂျပန်-မြန်မာ ချစ်ကြည်ရေး အသင်းဝင်များနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံ ဆွေးနွေးခဲ့သည်။ (RFA 261011) Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- ကမ္ဘာတဝှမ်း စိုးရိမ်စရာအဆင့်ဖြစ်သော အင်တာနက် စာမျက်နှာများအပေါ် တိုက်ခိုက်မှုများ မြစ်ဖျားခံလာသည့် နိုင်ငံများထဲတွင် မြန်မာနိုင်ငံက ထိပ်ဆုံး ၁၀ ခုထဲ၌ ရှိနေဆဲဖြစ်ကြောင်း အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများလုပ်ဆောင်နေသည့် Akamai ကော်ပိုရေးရှင်း၏ ဒုတိယ ၃ လပတ် အစီရင်ခံစာတွင် ဖော်ပြလိုက်သည်။ (VOA 241011) Read More...
- ဟောလီဝုဒ် ရုပ်ရှင်မင်းသမီး အယ်မာတော်မ်ဆင်က Action Aid NGO အဖွဲ့အနှင့်အတူ မြန်မာနိုင်ငံသို့ သွားရောက်စဉ် ၄င်းနှင့်တွေ့ဆုံခဲ့သည့် အစိုးရအရာရှိများ၊ ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် အရပ်သားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံစကားပြောရာတွင် မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ ရှိနေပြီဟု ပြောဆိုခဲ့ကြကြောင်း ၎င်းပြောသည်။ (BBC 251011) Read More...
- မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ အစပျိုး အပြောင်းအလဲများ မြင်တွေ့ရစ ပြုလာပြီဟုဆိုသော်လည်း ပြောင်းလဲမှုအဆင့်တိုင်းတွင် လူငယ်များနှင့်အမျိုးသမီးများ ပါဝင်ခွင့်ရှိခြင်းသည် ဆင်းရဲမွဲတေမှု လျှော့ချနိုင်ရေးအတွက် အထူးအရေးကြီးကြောင်း မြန်မာနိုင်ငံကို ၈ ရက်ကြာ လေ့လာခဲ့သည့် အော်စကာဆုရ ဗြိတိန်နိုင်ငံသူ ရုပ်ရှင်မင်းသမီး Emma Thompson က ပြောဆိုလိုက်သည်။ (RFA 251011) Read More...

---

**End of report/ Saturday, October 29, 2011**

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

**Documentation and Research Department (NDD)**

---